# မန္တလေးတိုင်းဒေသကြီးဇာတ်ရုံဆိုင်ရာဥပဒေ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | နိဒါန်း | ၁ | - |
| ၂ | အခန်း(၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ | ၂ |
| ၃ | အခန်း(၂) ရည်ရွယ်ချက်များ | ၃ | - |
| ၄ | အခန်း(၃) ဇာတ်ရုံဆိုင်ရာစိစစ်ကြီးကြပ်ရေးကော်မတီဖွဲ့စည်းခြင်း | ၃ | ၆ |
| ၅ | အခန်း(၄) တိုင်းဒေသကြီးကော်မတီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၆ | ၇ |
| ၆ | အခန်း(၅) ခရိုင်ကော်မတီ၏လုပ်ငန်းတာဝန်များ | ၇ | - |
| ၇ | အခန်း(၆) မြို့နယ်ကော်မတီ၏လုပ်ငန်းတာဝန်များ | ၇ | ၈ |
| ၈ | အခန်း(၇) ယာယီဇာတ်ရုံ၊ ဇာတ်ခုံဆောက်လုပ်ခွင့်လုပ်ငန်းလိုင်စင်နှင့် ဇာတ်ရုံလိုင်စင် | ၈ | - |
| ၉ | အခန်း(၈) စီမံခန့်ခွဲမှုနည်းလမ်းအရအရေးယူခြင်း | ၉ | - |
| ၁၀ | အခန်း(၉) အယူခံဝင်ခြင်း | ၉ | - |
| ၁၁ | အခန်း(၁၀) တားမြစ်ချက်များ | ၉ | ၁၀ |
| ၁၂ | အခန်း(၁၁) ပြစ်မှုနှင့်ပြစ်ဒဏ်များ | ၁၀ | - |
| ၁၃ | အခန်း(၁၂) အထွေထွေ | ၁၀ | ၁၁ |

# မန္တလေးတိုင်းဒေသကြီး ဇာတ်ရုံဆိုင်ရာဥပဒေ

( ၂၀၁၄ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၉။ )

၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်

( ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက် )

**နိဒါန်း**

မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **မန္တလေးတိုင်းဒေသကြီး၊ ဇာတ်ရုံဆိုင်ရာ ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြန်ကြားရေးဝန်ကြီးဌာနကို တာဝန်ယူရသည့် တိုင်းဒေသကြီး ဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး** ဆိုသည်မှာ ဤဥပဒေပါလုပ်ငန်းရပ်များကို ဆောင်ရွက်ရန် (မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က သတ်မှတ်သော) ပြန်ကြားရေးဝန်ကြီးဌာနကို တာဝန်ယူရသည့် တိုင်းဒေသကြီးဝန်ကြီးဌာန၊ ဝန်ကြီးကို ဆိုသည်။

(င) **ကော်မတီ** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး၊ ဇာတ်ရုံဆိုင်ရာ စိစစ်ကြီးကြပ်ရေး ကော်မတီကို ဆိုသည်။

(စ) **ခရိုင်ကော်မတီ** ဆိုသည်မှာ ဇာတ်ရုံဆိုင်ရာ ခရိုင်စိစစ်ကြီးကြပ်ရေးကော်မတီကို ဆိုသည်။

(ဆ) **မြို့နယ်ကော်မတီ** ဆိုသည်မှာ ဇာတ်ရုံဆိုင်ရာ မြို့နယ်စိစစ်ကြီးကြပ်ရေးကော်မတီကို ဆိုသည်။

(ဧ) **ဇာတ်ရုံ** ဆိုသည်မှာ ဇာတ်သဘင်ပွဲ၊ အငြိမ့်သဘင်ပွဲ၊ ပဒေသာကပွဲ၊ ဟောပြောပွဲ၊ ပြပွဲ၊ ပြိုင်ပွဲ၊ ရုပ်ရှင်ဇာတ်ကားကြီးများ စင်တင်တေးဂီတတို့ဖြင့် ပြည်သူများအား ဖျော်ဖြေပြသရသော အမိုးအကာပါ ဇာတ်ခုံနှင့် အဆောက်အအုံ၊ အိမ်နှင့် အခြားနေရာတစ်ခုခုကို ဆိုသည်။

(ဈ) **ဇာတ်ခုံ** ဆိုသည်မှာ ဇာတ်သဘင်၊ အငြိမ့်သဘင်၊ ပဒေသာကပွဲ၊ ဟောပြောပွဲ၊ ပြပွဲ၊ ပြိုင်ပွဲများ တက်ရောက်ဆောင်ရွက်နိုင်သည့် အမိုးအကာမပါသော စင်မြင့်၊ အဆောက်အအုံကို ဆိုသည်။

(ည) **ဇာတ်ရုံဆိုင်ရာ** ဆိုသည်မှာ ဇာတ်ရုံအဆောက်အအုံကိုဖြစ်စေ၊ဟောပြောရန်၊ ဆွေးနွေးရန်၊ ပြပွဲ၊ ပြိုင်ပွဲများပြုလုပ်ရန် ဇာတ်စင်ကို အခိုင်အမာတည်ဆောက်ခြင်း၊ ယာယီတည်ဆောက်ခြင်းကိုဖြစ်စေ အားလုံးအကျုံးဝင်သက်ဆိုင်သည့် အဆောက်အအုံ စင်မြင့်၊ ဇာတ်စင်ကို ဆိုသည်။

(ဋ) **အမြဲတမ်းဇာတ်ရုံ၊ ဇာတ်ခုံ** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးအတွင်း မရွှေ့မပြောင်းနိုင်သော အခိုင်အမာတည်ဆောက်ထားသည့် ဇာတ်ရုံနှင့် ဇာတ်ခုံကို ဆိုသည်။

(ဌ) **ကော်မတီဝင်** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော ဇာတ်ရုံနှင့် ဇာတ်ခုံများ စိစစ်ကြီးကြပ်ရေးကော်မတီဝင်ကို ဆိုသည်။

(ဍ) **ဇာတ်ရုံလိုင်စင်** ဆိုသည်မှာ ဤဥပဒေအရ စီးပွားရေးအလို့ငှာ ဇာတ်ရုံ တည်ထောင်သော လုပ်ငန်းလုပ်ကိုင်ခွင့်အတွက် ကော်မတီကထုတ်ပေးသည့် လိုင်စင် ကို ဆိုသည်။

(ဎ) **ယာယီဇာတ်ရုံ၊ ဇာတ်ခုံ** ဆိုသည်မှာ ဘာသာရေးပွဲတော်များ၊ ရိုးရာယဉ်ကျေးမှုပွဲတော်များ၊ အထိမ်းအမှတ်ပျော်ပွဲရွှင်ပွဲများ ဇာတ်သဘင်၊ အငြိမ့်သဘင်၊ ပဒေသာကပွဲ၊ စင်တင် တေးဂီတ၊ ပြပွဲ၊ ပြိုင်ပွဲများ၊ ဟောပြောပွဲများ ဆောင်ရွက်နိုင်သည့် ယာယီဇာတ်ရုံနှင့် ဇာတ်ခုံတို့ကို ဆိုသည်။

(ဏ) **ယာယီဇာတ်ရုံ၊ ဇာတ်ခုံဆောက်လုပ်ခွင့် လုပ်ငန်းလိုင်စင်** ဆိုသည်မှာ စီးပွားရေးအလို့ငှာ ယာယီဇာတ်ရုံ၊ ဇာတ်ခုံများ တည်ဆောက်ရေးလုပ်ငန်း၊ အငြိမ့်ခုံ၊ စတိတ်ခုံ တည်ဆောက်ရေး လုပ်ငန်းများကို ဆောင်ရွက်ခွင့်ပြုသည့် လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ကို ဆိုသည်။

(တ) **ဦးစီးဌာနမှူး** ဆိုသည်မှာ တိုင်းဒေသကြီး၊ ရုပ်ရှင်လုပ်ငန်းတွင် တာဝန် ထမ်းဆောင်လျက် ရှိသော တာဝန်ခံအရာရှိကိုဆိုသည်။

## အခန်း(၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တိုင်းဒေသကြီးအတွင်း ခေတ်မီအဆင့်မြင့်ကပွဲရုံ၊ ကဇာတ်ရုံများပေါ်ထွန်းလာစေရန်၊

(ခ) နိုင်ငံတော်မှ ချမှတ်ထားသော မူဝါဒနှင့်အညီ ခေတ်မီအဆင့်မြင့် ကဇာတ်ရုံများကို တစ်ဦးတည်းဖြစ်စေ၊ အများနှင့်ဖြစ်စေ ပူးပေါင်းအကောင်အထည်ဖော် တည်ဆောက်ရန်၊

(ဂ) နိုင်ငံပိုင် အမျိုးသားကဇာတ်ရုံများကဲ့သို့ ပုဂ္ဂလိကပိုင် ခေတ်မီအဆင့်မြင့်ဇာတ်ရုံများ ပေါ်ထွန်းလာစေရန်၊

(ဃ) အများပြည်သူများ အန္တရာယ်ကင်းပြီး လုံခြုံမှုရှိ၍ စိတ်ချမ်းမြေ့စွာ အနားယူ အပန်းဖြေ နိုင်စေရန်၊

(င) ရိုးရာယဉ်ကျေးမှုပွဲတော်များ၊ ဘာသာရေးပွဲတော်များတွင် တည်ဆောက်သည့် ယာယီ ကဇာတ်ရုံများ စနစ်တကျရှိပြီး အန္တရာယ်ကင်း လုံခြုံခိုင်ခန့်သည့် ဇာတ်ရုံများ ဖြစ်စေရန်။

## အခန်း(၃)

## ဇာတ်ရုံဆိုင်ရာ စိစစ်ကြီးကြပ်ရေးကော်မတီ ဖွဲ့စည်းခြင်း

၄။ ဝန်ကြီးသည် -

(က) အောက်ပါပုဂ္ဂိုလ်များပါဝင်သော တိုင်းဒေသကြီးဇာတ်ရုံဆိုင်ရာ စိစစ်ကြီးကြပ်ရေး ကော်မတီကို ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | အတွင်းရေးမှူး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (၂) | တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၃) | တိုင်းဒေသကြီးအခွန်ဦးစီးမှူး၊ ပြည်တွင်းအခွန်များ ဦးစီးဌာန | အဖွဲ့ဝင် |

(၄) ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း — အဖွဲ့ဝင်

(၅) ညွှန်ကြားရေးမှူး၊ အနုပညာဦးစီးဌာန — အဖွဲ့ဝင်

(၆) အင်ဂျင်နီယာမှူးကြီး၊ တိုင်းဒေသကြီးဆောက်လုပ်ရေး လုပ်ငန်း — အဖွဲ့ဝင်

(၇) ဌာနမှူး (အဆောက်အအုံနှင့် အင်ဂျင်နီယာဌာန)၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ — အဖွဲ့ဝင်

(၈) တိုင်းဒေသကြီးဦးစီးမှူး၊ တိုင်းဒေသကြီးကျန်းမာရေး ဦးစီးဌာန — အဖွဲ့ဝင်

(၉) တိုင်းဒေသကြီးဦးစီးမှူး၊ တိုင်းဒေသကြီးမီးသတ် ဦးစီးဌာန — အဖွဲ့ဝင်

(၁၀) တိုင်းဒေသကြီးဦးစီးမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန — အဖွဲ့ဝင်

(၁၁) ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးသဘင်အစည်းအရုံး — အဖွဲ့ဝင်

(၁၂) ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဂီတအစည်းအရုံး — အဖွဲ့ဝင်

(၁၃) ဒုတိယညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးရုပ်ရှင် လုပ်ငန်း — အတွင်းရေးမှူး

(ခ) ခရိုင်စိစစ်ကြီးကြပ်ရေးကော်မတီကိုအောက်ပါပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းရမည် -

(၁) ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန — ဥက္ကဋ္ဌ

(၂) ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ — အဖွဲ့ဝင်

(၃) ခရိုင်ဦးစီးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန အဖွဲ့ဝင်

(၄) အင်ဂျင်နီယာမှူး၊ ခရိုင်ဆောက်လုပ်ရေးလုပ်ငန်း အဖွဲ့ဝင်

(၅) ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်စည်ပင်သာယာရေးအဖွဲ့ အဖွဲ့ဝင်

(၆) ခရိုင်ကျန်းမာရေးဦးစီးမှူး၊ ခရိုင်ကျန်းမာရေးဦးစီးဌာန အဖွဲ့ဝင်

(၇) ခရိုင်မီးသတ်ဦးစီးမှူး၊ ခရိုင်မီးသတ်ဦးစီးဌာန အဖွဲ့ဝင်

(၈) ခရိုင်ဦးစီးမှူး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အတွင်းရေးမှူး

(ဂ) မြို့နယ်စိစစ်ကြီးကြပ်ရေးကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းရမည် -

(၁) မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဥက္ကဋ္ဌ

(၂) မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အဖွဲ့ဝင်

(၃) မြို့နယ်ဦးစီးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန အဖွဲ့ဝင်

(၄) မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အဖွဲ့ဝင်

(၅) မြို့နယ်ကျန်းမာရေးဦးစီးမှူး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန အဖွဲ့ဝင်

(၆) မြို့နယ်ဦးစီးမှူး၊ မြို့နယ်မီးသတ်ဦးစီးဌာန အဖွဲ့ဝင်

(၇) ဥက္ကဋ္ဌ၊ မြို့နယ်သဘင်အစည်းအရုံး အဖွဲ့ဝင်

(၈) ဥက္ကဋ္ဌ၊ မြို့နယ်ဂီတအစည်းအရုံး အဖွဲ့ဝင်

(၉) မြို့နယ်ဦးစီးမှူး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အတွင်းရေးမှူး

(ဃ) ဇာတ်ရုံဆိုင်ရာ စိစစ်ကြီးကြပ်ရေးကော်မတီ သက်တမ်းကို သတ်မှတ်နိုင်သည်။

(င) စိစစ်ကြီးကြပ်ရေးကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(စ) ဝန်ကြီးသည် စိစစ်ကြီးကြပ်ရေးအဖွဲ့က စိစစ်ကြီးကြပ်ရမည့် အကြောင်းအရာများကို သတ်မှတ်ရမည်။

## အခန်း(၄)

## တိုင်းဒေသကြီးကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅။ ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သော မူဝါဒများချမှတ်ခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် စည်းကမ်းများ သတ်မှတ်ခြင်း၊

(ခ) တိုင်းဒေသကြီးကော်မတီသည် ဇာတ်ရုံ၊ ဇာတ်ခုံ၊ စင်မြင့် တည်ဆောက်လိုသည့် လုပ်ငန်းရှင်များ၏ လျှောက်ထားချက်များကို စိစစ်၍ ကွင်းဆင်းစစ်ဆေးခြင်း၊

(ဂ) တိုင်းဒေသကြီးကော်မတီသည် ယာယီဇာတ်ရုံ၊ ဇာတ်ခုံဆောက်လုပ်ခွင့် လုပ်ငန်း လိုင်စင် လျှောက်ထားချက်များကို သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ/မရှိ စိစစ်ခြင်း၊

(ဃ) တိုင်းဒေသကြီးကော်မတီသည် ဇာတ်ရုံ၊ ဇာတ်ခုံ တည်ထောင်ဖွင့်လှစ်လိုသူများမှ ဇာတ်ရုံ၊ ဇာတ်ခုံလိုင်စင် လျှောက်ထားချက်များကို သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ/မရှိ စိစစ်ခြင်း၊

(င) ဤဥပဒေ၏ ရည်ရွယ်ချက်များ အောင်မြင်စေရန် ယာယီဇာတ်ရုံ၊ ဇာတ်ခုံ ဆောက်လုပ်ရေး လုပ်ငန်းများ၊ အမြဲတမ်းဇာတ်ရုံ၊ ဇာတ်ခုံဆောက်လုပ်ခြင်း လုပ်ငန်း များကို စစ်ဆေး ကြီးကြပ်ခြင်း၊

(စ) သတ်မှတ်ချက်များနှင့်ညီညွတ်ပါက ယာယီဇာတ်ရုံ၊ ဇာတ်ခုံဆောက်လုပ်ခွင့် လုပ်ငန်း လိုင်စင် ထုတ်ပေးခြင်း၊ ဇာတ်ရုံ၊ ဇာတ်ခုံ လိုင်စင်ထုတ်ပေးခြင်း၊ သတ်မှတ်ချက် များနှင့် ညီညွတ်ခြင်းမရှိပါက ငြင်းပယ်ခြင်း၊

(ဆ) ယာယီဇာတ်ရုံ၊ ဇာတ်ခုံ ဆောက်လုပ်ခွင့်လုပ်ငန်းလိုင်စင်နှင့် ဇာတ်ရုံလိုင်စင်တို့၏ သက်တမ်း၊ လိုင်စင်ရက်လွန်ကြေး သက်တမ်းတိုးမြှင့်ခတို့ကို သတ်မှတ်ခြင်း၊

(ဇ) သတ်မှတ်ထားသော အခကြေးငွေကို ပေးဆောင်စေ၍ ဇာတ်ရုံ၊ ဇာတ်ခုံ ဆောက် လုပ်ခွင့် လုပ်ငန်းလိုင်စင်နှင့် ဇာတ်ရုံလိုင်စင်သက်တမ်းများကို တိုးမြှင့် ပေးခြင်း၊

(ဈ) တိုင်းဒေသကြီးကော်မတီမှ သတ်မှတ်ထားသည့် ယာယီဇာတ်ရုံ၊ ဇာတ်ခုံ ဆောက်လုပ်ခွင့် လုပ်ငန်းလိုင်စင် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သော လုပ်ငန်းရှင်များအား အရေးယူခြင်း၊

(ည) ကော်မတီမှ သတ်မှတ်ထားသည့် ဇာတ်ရုံလိုင်စင် စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်သော ဇာတ်ရုံလိုင်စင်ရရှိသူအား အရေးယူခြင်း၊

(ဋ) တိုင်းဒေသကြီးကော်မတီသည် ခရိုင်ကော်မတီနှင့် မြို့နယ်ကော်မတီတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊

(ဌ) တိုင်းဒေသကြီးအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သည့် အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း(၅)

## ခရိုင်ကော်မတီ၏ လုပ်ငန်းတာဝန်များ

၆။ ခရိုင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြို့နယ်ကော်မတီ၏ လုပ်ငန်းတာဝန်များအား ကြီးကြပ်ခြင်းနှင့် ကူညီပံ့ပိုးပေးခြင်း၊

(ခ) ယာယီဇာတ်ရုံ၊ ဇာတ်ခုံနှင့် အမြဲတမ်းဇာတ်ရုံ၊ ဇာတ်ခုံ ဆောက်လုပ်ရေးလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးခြင်း၊

(ဂ) ဇာတ်ရုံလိုင်စင်နှင့် ယာယီဇာတ်ရုံ၊ ဇာတ်ခုံဆောက်လုပ်ရေးလုပ်ငန်း လိုင်စင် ရှိ/မရှိ အား စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်း၍ စစ်ဆေးခြင်း၊

(ဃ) လိုအပ်ပါက ကော်မတီသို့ တင်ပြအစီရင်ခံခြင်း။

## အခန်း(၆)

## မြို့နယ်ကော်မတီ၏ လုပ်ငန်းတာဝန်များ

၇။ မြို့နယ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ယာယီဇာတ်ရုံ၊ ဇာတ်ခုံ ဆောက်လုပ်ခွင့်လုပ်ငန်းလိုင်စင်နှင့် ဇာတ်ရုံ၊ ဇာတ်ခုံ လိုင်စင်များ ရယူဆောင်ရွက်ခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊

(ခ) ယာယီဇာတ်ရုံ၊ ဇာတ်ခုံဆောက်လုပ်ခွင့်လုပ်ငန်းလိုင်စင် လျှောက်ထားချက်များကို သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ/မရှိ စိစစ်၍ ကော်မတီသို့ ထောက်ခံတင်ပြခြင်း၊

(ဂ) အမြဲတမ်း ဇာတ်ရုံ၊ ဇာတ်ခုံ တည်ထောင်ဖွင့်လှစ်လိုသူများ၏ ဇာတ်ရုံ၊ ဇာတ်ခုံ လိုင်စင် လျှောက်ထားချက်များကို သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ/မရှိ စိစစ်၍ ကော်မတီသို့ ထောက်ခံတင်ပြခြင်း၊

(ဃ) ယာယီဇာတ်ရုံ၊ ဇာတ်ခုံနှင့် အမြဲတမ်းဇာတ်ရုံ၊ ဇာတ်ခုံ ဆောက်လုပ်ရေးလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးခြင်း၊

(င) လိုအပ်ပါက ကော်မတီသို့ တင်ပြအစီရင်ခံခြင်း။

## အခန်း(၇)

## ယာယီဇာတ်ရုံ၊ ဇာတ်ခုံဆောက်လုပ်ခွင့် လုပ်ငန်းလိုင်စင်နှင့် ဇာတ်ရုံလိုင်စင်

၈။ မန္တလေးတိုင်းဒေသကြီးအတွင်း စီးပွားရေးအလို့ငှာ ယာယီဇာတ်ရုံ၊ ဇာတ်ခုံ ဆောက်လုပ်ခွင့် လုပ်ငန်းလိုင်စင် ရယူလိုသူများနှင့် အမြဲတမ်းဇာတ်ရုံ၊ ဇာတ်ခုံ တည်ထောင်လုပ်ကိုင်လိုသူများသည် တိုင်းဒေသကြီး ရုပ်ရှင်လုပ်ငန်းသို့ လျှောက်ထားရမည်။

၉။ တိုင်းဒေသကြီးရုပ်ရှင်လုပ်ငန်းသည် -

(က) ပုဒ်မ ၈ အရ လျှောက်ထားခြင်းများကို သဘောထားမှတ်ချက်နှင့် ကော်မတီသို့ တင်ပြရမည်။

(ခ) တိုင်းဒေသကြီးကော်မတီသည် သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိပါက ဝန်ကြီး၏ သဘောတူညီချက်ဖြင့် လိုင်စင်ထုတ်ပေးခြင်း၊ သက်တမ်းတိုးမြှင့်ပေးခြင်းများကို ဆောင်ရွက်ရမည်။

၁၀။ တိုင်းဒေသကြီးကော်မတီသည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ယာယီဇာတ်ရုံ၊ ဇာတ်ခုံ ဆောက်လုပ်ခွင့် လုပ်ငန်းလိုင်စင်ကြေး၊ ရက်လွန်ကြေးနှင့် သက်တမ်းတိုးမြှင့်ခတို့ကို သတ်မှတ်ရမည်။

## အခန်း(၈)

## စီမံခန့်ခွဲမှုနည်းလမ်းအရ အရေးယူခြင်း

၁၁။ ဤဥပဒေအရ ထုတ်ပြန်ထားသော အမိန့်ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းတစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း တွေ့ရှိရပါက ကော်မတီသည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့် တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) ခွင့်ပြုထားသောလိုင်စင်ကို ယာယီရပ်ဆိုင်းခြင်း၊

(ခ) ဒဏ်ကြေးပေးဆောင်စေ၍ လိုအပ်ချက်များကို ပြုပြင်စေပြီး လုပ်ငန်းအား ဆက်လက် လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊

(ဃ) လိုင်စင်ကို ရုပ်သိမ်းခြင်း။

## အခန်း(၉)

## အယူခံဝင်ခြင်း

၁၂။ တိုင်းဒေသကြီးကော်မတီ၏ ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ အမိန့်ကိုဖြစ်စေ မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။

၁၃။ ဝန်ကြီးသည်အယူခံခြင်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးကော်မတီ၏ ဆုံးဖြတ်ချက်ကိုဖြစ်စေ အမိန့်ကိုဖြစ်စေ အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း၊ ပြန်လည်စိစစ်စေရန် သို့မဟုတ် စစ်ဆေးရန် ညွှန်ကြားခြင်းပြုနိုင်သည်။

၁၄။ ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်စေရမည်။

## အခန်း(၁၀)

## တားမြစ်ချက်များ

၁၅။ မည်သူမျှ လိုင်စင်မရှိဘဲ ဇာတ်ရုံ တည်ထောင်ဖွင့်လှစ်ဆောင်ရွက်ခြင်း မပြုရ။

၁၆။ မည်သူမျှ လုပ်ငန်းလိုင်စင်မရှိဘဲ ယာယီဇာတ်ရုံ၊ ဇာတ်ခုံများ ဆောက်လုပ်ခြင်း မပြုရ။

၁၇။ မည်သူမျှ မိမိရရှိထားသော လိုင်စင်တစ်ခုခုကို ခွင့်ပြုချက်မရရှိဘဲ အခြားသူတစ်ဦးအား လွှဲပြောင်း လုပ်ကိုင်ဆောင်ရွက်စေခြင်းမပြုရ။

၁၈။ မည်သူမျှ ဓာတ်ရုံကို ပညာပေးခြင်း၊ ပြန်ကြားပေးခြင်း၊ ဖျော်ဖြေပေးခြင်း စသည်တို့ ဆောင်ရွက်ခြင်းမှအပ အခြားနည်းသုံးစွဲခြင်း မပြုရ။

၁၉။ မည်သူမျှ ဤဥပဒေအရပြုလုပ်သည့် နည်းဥပဒေများ သို့မဟုတ် လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်း စည်းကမ်းများနှင့် ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ခြင်း မပြုရ။

## အခန်း(၁၁)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၀။ မည်သူမဆို ပုဒ်မ ၁၅ နှင့် ၁၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ထောင်ဒဏ် (၁)နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ်သုံးသိန်း အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၁။ မည်သူမဆို ပုဒ်မ ၁၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် (၆)လအထိဖြစ်စေ၊ ငွေဒဏ် ကျပ်နှစ်သိန်းအထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၂။ မည်သူမဆို ပုဒ်မ ၁၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် (၂)နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ်ငါးသိန်းအထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၃။ မည်သူမဆို ပုဒ်မ ၁၉ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် (၁)လအထိဖြစ်စေ၊ ငွေဒဏ်ကျပ်တစ်သိန်း အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း(၁၂)

## အထွေထွေ

၂၄။ တိုင်းဒေသကြီးရပ်ရှင်လုပ်ငန်းသည် ကော်မတီရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက် ရမည်။

၂၅။ တိုင်းဒေသကြီးကော်မတီသည် ဇာတ်ရုံလိုင်စင်နှင့် လုပ်ငန်းလိုင်စင်တစ်ခုခုအတွက် လိုင်စင်လျှောက်ထားခြင်း၊ အခကြေးငွေပေးဆောင်ခြင်းတို့နှင့် စပ်လျဉ်း၍ အစိုးရဌာန အဖွဲ့အစည်းတစ်ခုခုအား ကင်းလွတ်ခွင့်ပြုနိုင်သည်။

၂၆။ ဤဥပဒေအရ တရားစွဲဆိုသောပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၂၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သည် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ)ရဲမြင့်**

**ဝန်ကြီးချုပ်**

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**